

ကိုရွှေတောသား(ဆင်ကူး)

# သာစုမခေါ်နိုင်ပါ

## သာစုမခေါ်နိုင်ပါ

(၁)

*

"သမီးရေ မေမေပြန်လာရင် ပန်းတွေ အများကြီး ဝယ်ခဲ့မယ်နော် အိမ်မှာ ပဲနေ မောင်လေးနဲ့ပဲဆော့ ဘယ်မှ လျှောက်မသွားနဲ့ ကြားလား သမီး''

နုနုပန်းကြိုက်မှန်းသိတော့ မေမေက ဘယ်သွားသွား နုနုဖို့ မုန့်အပြင် ပန်းတွေပါ ဝယ်လာလေ့ရှိတယ်။ နုနုက အိမ်မှာနေပြီး မောင်လေးကို ထိန်းပေးရတယ်။ ဖေဖေက မနက်အစောကြီးတည်းက အလုပ်သွားရတယ်။ အမေက အိမ်မှာ ထမင်းဟင်း ချက်ပြုက်ပြီးမှ ရပ်ကွက်ထဲလှည့်ကာ အဝတ်လျှော်မီးပူတိုက်တဲ့အလုပ်ကို လုပ်ရတယ်။ အိမ်မှာ ဖေဖေရယ် မေမေရယ် မောင်လေးရယ် နုနုရယ် မိသားစု လေးယောက်ရှိတယ်။ နုနုအသက်က ဆယ့်နှစ်နှစ်၊ မောင်လေးအသက်က ရှစ်နှစ်။ နုနုလည်း ကျောင်းမတက်ရသလို မောင်လေးလည်း ကျောင်းမတက်ရဘူး။ ဖေဖေနဲ့မေမေက နုနုတို့ မောင်နှမကို ကျောင်းထားမပေးဘူး။ ကိုယ့်နာမည်တွေကိုတော့ ရေးတတ် ဖတ်တတ်အောင် သင်ပေးထားတယ်။ နုနုနဲ့မောင်လေးက ကျောင်းတက်ချင်ပေမဲ့ ဖေဖေနဲ့ မေမေကမထားပေးတော့ ကျောင်းမတက်ရဘူး။ အိမ်မှာ မိသားစုဆုံတဲ့အချိန်က နေ့လယ်ထမင်းစားချိန်နဲ့ ညဘက် စားချိန်၊ အိပ်ချိန်ပဲ ရှိတယ်။ တစ်နေကုန် နုနုနဲ့မောင်လေးက အိမ်မှာပဲ နေခဲ့ရတယ်။ နုနုတို့ အိမ်က မြို့စွန်ပိုင်း ရေကန်ကြီးဘေးမှာ ရှိတယ်။ နုနုတို့ အိမ်ဘေးမှာတော့ နုနုတို့မိသားစုတွေနေကြသလို အိမ်ကလေးတွေ အများကြီး ရှိတယ်။ သူတို့

တွေလည်း နုနုတို့လိုပဲ ဆင်းရဲသားတွေ။ နုနုတို့မောင်နှမလို ရွယ်တူတွေလည်း အများကြီးရှိတယ်။ နုနုတို့နဲ့အတူ ဆော့ကစားကြတယ်။

***